ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရှမ်းပြည်နယ်(တောင်ပိုင်း)
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ဆီဆိုင်မြို့နယ်

**လူထုဗဟိုပြုစီမံကိန်း**

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

**နောင်ပါရင်ကျေးရွာ၊ တဘက်ကျေးရွာအုပ်စု**

၂၀၁၇ခုနှစ်၊မေလ

မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ဆီဆိုင်မြို့နယ်မြေပုံ


ဆီဆိုင်မြို့နယ်အခြေပြမြေပုံ
ဟိုပုံးမြို့နယ်
မ
ဆီဆိုင်မြို့နယ်
စကေး ၁ လက်မ ፡ ၆မိုင်
တောင်ကြီးမြို့နယ်
ညောင်ရွှေမြို့နယ်
ဆီဆိုင်
ဖယ်ခုံမြို့နယ်
လွိုင်ကော်ခရိုင်
ရည်ညွှန်းချက်
မြို့နယ်ခြား
ရပ်ကွက်ကျေးရွာအုပ်စုခြား
ကားလမ်း
ရထားလမ်း
ကျေးရွာခြင်းဆက်လမ်း
မြစ်ချောင်း/ဆည်/
အမည်ပြောင်း
ရွာ တိုး

## ၂။ ကျေးရွာတည်နေရာပါဝင်သောကျေးရွာအုပ်စု၏မြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | တည်နေရာပြကုဒ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|---|---|
| ၁ | MMR1304002001 | တဘက် | မဲဟဲ |
| ၂ | MMR1304002002 | တဘက် | မကောက် |
| ၃ | MMR1304002003 | တဘက် | ဂမ့်ပန် |
| ၄ | MMR1304002004 | တဘက် | လုံစံ(ခ)နောင်ပိ |
| ၅ | MMR1304002005 | တဘက် | မဲပေါ့ |
| ၆ | MMR1304002006 | တဘက် | ဂိန်းလုံ |
| ၇ | MMR1304002007 | တဘက် | ဟိုခဲ(ကယန်း) |
| ၈ | MMR1304002008 | တဘက် | နမ့်စေမြ |
| ၉ | MMR1304002009 | တဘက် | ဂိန်းကွန် |
| ၁၀ | MMR1304002010 | တဘက် | နောင်စကာ |
| ၁၁ | MMR1304002011 | တဘက် | ပန်ကန်း |
| ၁၂ | MMR1304002012 | တဘက် | ဘန်းနောင် |
| ၁၃ | MMR1304002013 | တဘက် | လွယ်စဲ့ |
| ၁၄ | MMR1304002014 | တဘက် | ကောင်ထို |
| ၁၅ | MMR1304002015 | တဘက် | ဂမ့်ဟော့ |
| ၁၆ | MMR1304002016 | တဘက် | ဟိုပန် |
| ၁၇ | MMR1304002017 | တဘက် | နောင်ပါရင် |
| ၁၈ | MMR1304002018 | တဘက် | ဆန့်ဆိုင် |
| ၁၉ | MMR1304002019 | တဘက် | နောင်သိမ် |
| ၂၀ | MMR1304002020 | တဘက် | ဂိန်းကောင် |
| ၂၁ | MMR1304002021 | တဘက် | နောင်ခမ်း |

| | | | |
|---|---|---|---|
| ၂၂ | MMR1304002022 | တဘက် | နောင်ချို |
| ၂၃ | MMR1304002023 | တဘက် | နောင်ခုံး |
| ၂၄ | MMR1304002024 | တဘက် | နောင်ဘို |
| ၂၅ | MMR1304002025 | တဘက် | ကွန်နွတ် |

## ၄။ ကျေးရွာအခြေခံအချက်အလက်

တဘက်ကျေးရွာအုပ်စု၊ နောင်ပါရင်ကျေးရွာသည် ဆီဆိုင်မြို့မှ အနောက်တောင်ဘက် (၁၄)မိုင်ခန့်အကွာအဝေးတွင် တည်ရှိပြီး အရှေ့ဘက်တွင် ဝမ်ဟော့ကျေးရွာ၊ အနောက်ဘက်တွင် တောင်ကုန်းတောင်တန်း၊ မြောက်ဘက်တွင် ဟိုခဲကျေးရွာ၊ တောင်ဘက်တွင် ကယားပြည်နယ်နှင့် နယ်နိမိတ် ဆက်စပ်တည်ရှိပါသည်။ မြောက်လတ္တီကျူ့ (၂၀.၀၁၃၅၇၃၄၅) ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ့ (၉၇.၁၈၉၂၉၁၂၈) ဒီဂရီတွင် တည်ရှိပါသည်။

နောင်ပါရင်ကျေးရွာသည် တဘက်အုပ်စု၏ တောင်ဘက်အစွန်အဖျားဖြစ်ပြီး သွားရောက်ရန် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောရွာဖြစ်သည်။ နောင်ပါရင်ကျေးရွာသည် စတင်တည်ထောင်ခဲ့သည့် ခုနှစ် မမှတ်မိတော့ပေ။ နောင်ပါရင်ဟူသော ဘာသာစကားအသုံးအနှုန်းသည် ရှမ်းဘာသာစကားမှ ဆင်းသက်လာပြီး ငါးရှဉ့်ကန်ဟု အဓိပ္ပါယ်ရသည်။ ကျေးရွာတည်ထောင်ချိန်တွင် ကျေးရွာ၏ မြောက်ဘက်တွင် ကန်တစ်ကန်ရှိပြီး ငါးရှဉ့်များ ပေါများစွာရှိ၍ မနက်ခင်းပင် တွေ့ရသည်။ ထိုမှ တစ်ဆင့် ရွာအမည်ကို နောင်ပါရင်ဟု ရှမ်းဘာသာဖြင့် ခေါ်ဝေါ်သုံးစွဲနေကြသည်။ အခြားကျေးရွာများမှ ရွာသူရွာသားများ ပြောင်းရွှေ့လာရောက်နေထိုင်ကြရာမှ လက်ရှိအချိန်တွင် အိမ်ထောင်စု (၈၂)စုရှိပြီး လူဦးရေမှာ (၄၁၇)ဦးရှိပါသည်။ ကျေးရွာတွင်း နေထိုင်သူများမှာ ရှမ်းလူမျိုးများနှင့် ကယန်းလူမျိုးများ စုပေါင်းနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြပါသည်။

နောင်ပါရင်ကျေးရွာမှ ဆီဆိုင်မြို့သို့ သွားရောက်သောလမ်းမှာ မြေသားလမ်းဖြစ်ပြီး ဆိုင်ကယ်ဖြင့် သွားရောက်လျှင် မိုးရာသီတွင် (၂း၀၀)ခန့်ကြာမြင့်ပြီး နွေရာသီတွင် (၁း၁၅)ခန့်ကြာမြင့်ပါသည်။ ကုန်စည်ပို့ဆောင်မှုအတွက် အများအားဖြင့် ထော်လာဂျီကို အသုံးပြုကြပါသည်။ အသက်မွေးဝမ်းကြောင်းအနေဖြင့် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ကျပမ်းလုပ်ကိုင်သူ အိမ်ထောင်စု (၂၂)စုရှိပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ရှိပြီး မူလတန်းအဆင့်ပြီးဆုံးသော ကျောင်းသား/သူနည်းစု ချမ်းသာသောမိသားစုသည်သာ အလယ်တန်းအဆင့်ကို အခြားကျောင်းများသို့ ဆက်လက်တက်ရောက် သင်ယူကြသည်။ ငွေကြေးအခက်အခဲကြောင့် အများစုကျောင်းထွက်ကြပြီး ကျန်အနည်းစုသာ ကျောင်းဆက်တက် သွားရောက်သင်ကြားနိုင်သည်။ အနီးဆုံးကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်သော နေရာမှာလည်းမြို့နှင့် လှမ်းဝေးသောကြောင့် နီးနားမှဆေးဝါးသိကျွမ်းသူများနှင့်သာ အငှားခေါ်ယူ ကုသကြပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ ဦးရေ | | | အဓိကဆွေးနွေးသည့် အချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုအရင်းမြစ်ပြမြေပုံ | ၄/၂၄/၂၀၁၇ | စေတနာ့ဝန်ထမ်း၊အမျိုးသား၊ အမျိုးသမီး | ၃၆ | ၂၉ | ၆၅ | အခြေခံအဆောက်အဦး၊ လမ်းပန်း ဆက်သွယ်ရေး၊ စီးပွါးရေး အလုပ်အကိုင် အခြေအနေ ၊ သဘာဝ အရင်းအမြစ် အခြေအနေ၊ |
| ၂ | ဉစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၄/၂၄/၂၀၁၇ | ချမ်းသာအုပ်စု၊ အလယ်အလတ်၊ နွမ်းပါးသော အုပ်စု | ၇၇ | ၆၀ | ၁၃၇ | ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ခြင်း၊ စံနှုန်းများအပေါ် အခြေခံပြီး အဆင့် (၃)ဆင့်တွင် ပါဝင်သော အိမ်ထောင်စု အရေအတွက် ခန့်မှန်းခြင်း၊ အဓိက အသက် မွေးဝမ်းကြောင်းလုပ်ငန်းများအား ဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၄/၂၄/၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၇၇ | ၆၀ | ၁၃၇ | - အမျိုးသားများနှင့် အမျိုးသမီးများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် အရင်းအမြစ်များကို သုံးသပ်ခြင်း။ |
| ၄ | ရာသီခွင်ပြပြက္ခဒိန် ဇယား | ၄/၂၄/၂၀၁၇ | စေတနာ့ဝန်ထမ်း အမျိုးသား နှင့် အမျိုးသမီး | ၄၁ | ၃၁ | ၇၂ | - ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ ရောဂါဖြစ်ပွါးမှု များ၊ ပွဲတော်များ၊ ဝင်ငွေရရှိမှုများ ဆွေးနွေးခြင်း။ |
| ၅ | ပင့်ကူအိမ် သုံးသပ်ခြင်း | ၄/၂၄/၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၇၇ | ၆၀ | ၁၃၇ | တန်းတူအခွင့်အရေးရရှိမှုနှင့် သာတူညီမျှမှုများအား ဆွေးနွေးသုံးသပ်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ဗင်းပုံစံ (အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ခြင်း) | ၄/၂၅/၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ လူမှုဖွံ့ဖြိုးရေးအဖွဲ့ | ၅၆ | ၅၂ | ၁၀၈ | ကျေးရွာရှိ အဖွဲ့အစည်းများနှင့် အခြားပြင်ပရှိ အဖွဲ့အစည်းများ မည်သည့် လုပ်ငန်း မည်သို့ချိတ်ဆက် လုပ်ကိုင်သင့်မှုကို ဆွေးနွေးခြင်း။ |
| ၇ | အခက်အခဲများ (ပြဿနာများ) | ၄/၂၅/၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ | ၅၆ | ၅၂ | ၁၀၈ | အမျိုးသားများနှင့်အမျိုးသမီးများ နေ့စဉ် လူမှုဘဝတွင် ကြုံတွေ့နေရသော အခက်အခဲ အတားအဆီးများအား ဆွေးနွေး ဖော်ထုတ်ခြင်း။ |
| ၈ | နောင်(၅)နှစ်စာ မျှော်မှန်းချက်များ | ၄/၂၅/၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၅၆ | ၅၂ | ၁၀၈ | နောင်တချိန်တွင် ကျေးရွာလူထု၏ ဖြစ်စေချင်သော မြင်စေချင်သော ကျေးရွာဖွံ့ဖြိုးမှုများ ဖော်ထုတ်ခြင်း။ |
| ၉ | ဖွံ့ဖြိုးရေး လုပ်ငန်းများ ဖော်ထုတ် အဆိုပြုခြင်း | ၄/၂၅/၂၀၁၇ | အမျိုးသား၊ အမျိုးသမီး | ၅၆ | ၅၂ | ၁၀၈ | အဓိကပြဿနာကိုပြေလည်စေသော အကြောင်းရင်းများ ပြေလည်စေသောလုပ်ငန်းများအား ကျား/မခွဲ၍ဆွေးနွေး ဖော်ထုတ်ခြင်း။ |
| ၁၀ | ဦးစားပေး လုပ်ငန်းများ ရွေးချယ် ဆုံးဖြတ်ခြင်း | ၄/၂၅/၂၀၁၇ | အစည်းအဝေး တက်ရောက်သူအားလုံး | ၅၆ | ၅၂ | ၁၀၈ | အဆိုပြုထားသော ဖွံ့ဖြိုးရေးလုပ်ငန်း များကို တစ်စုတစ်စည်းတည်း စုခြင်း နှင့် စီမံကိန်းလုပ်ငန်းခွဲများ မဲပေး ရွေးချယ်ခြင်း။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံဆန်းစစ်ချက်

နောင်ပါရင်ကျေးရွာ လူမှုရေးအရင်းအမြစ်ပြမြေပုံကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- ကျေးရွာလူထုသည်အသက်မွေးဝမ်းကြောင်းအနေဖြင့်စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပါသည်။
- လွန်ခဲ့သည့်(၅)နှစ်အတွင်း သစ်တောခုတ်ယူမှုများပြားခြင်း၊ စိုက်ခင်းမြေနေရာတိုးချဲ့ကြခြင်း တို့ကြောင့် သစ်တောနှင့် ရေအရင်းအမြစ်များနည်းပါးလာခဲ့သည်။
- ကျေးရွာတွင် ဘာသာရေးလူမျိုးရေးအရ အုပ်စုများသီးခြားကွဲနေခြင်းမရှိပါ။
- ကျေးရွာမှနေ၍ အခြားသို့ပြောင်းရွှေ့မှုအနည်းငယ်ရှိကြောင်းလည်း တွေ့ရှိရပါသည်။
- လိုအပ်ချက်အနေဖြင့် ကျေးရွာတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ အရင်းအနှီးနှင့် နည်းပညာ လိုအပ်ပါသည်။
- စိုက်ပျိုးမြေများသည် ဓါတ်မြေဩဇာများ အလွန်သုံးစွဲလာသောကြောင့် စိုက်ပျိုးမြေများ ပျက်စီး လာသဖြင့် ဇီဝမြေဩဇာ အစားထိုးပြန်လည်အသုံးပြုနိုင်ရန် နည်းပညာလိုအပ်ကြသည်။
- ဝင်ငွေတိုးမည့်အလုပ်များ၊ ကြက်၊ ဝက်၊ နွား စသောမွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင် လိုကြသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်**





**ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်**

- ကျေးရွာရှိလူနေမှုအဆင့်အတန်းကိုအဆင့်(၃)ဆင့်ဖြင့်ခွဲပြထားသည်။
- ချမ်းသာအဆင့်တွင် အိမ်ထောင်စု(၈)အိမ်ရှိပြီး ထော်လဂျီ၊ ကား၊ တိုက်အိမ်၊ လယ်(၅)ကေ၊ ခြံ(၈) ကေ ခန့်ရှိသူများ ဖြစ်ကြသည်။
- အလယ်အလတ်အဆင့်တွင် အိမ်ထောင်စု(၅၂)အိမ်ရှိပြီး ပျဉ်ထောင်အိမ်/ဝါးထရံအိမ်၊ ဆိုင်ကယ်၊ လယ်(၅) ကေအောက်နှင့် ခြံ(၇) ကေအောက်ရှိသူများ အနည်းငယ်ရှိကြသည်။
- ကျေးရွာတွင် မပြေလည်သော/နွမ်းပါးသော အိမ်ထောင်စု (၂၂)အိမ်ရှိပြီး တောင်ယာခြံ လယ်များ မရှိ နေ့စားလိုက်ခြင်းသာ လုပ်ကိုင်ကြပါသည်။
- နွမ်းပါးရသည့် အကြောင်းရင်းမှာ ကိုယ်ပိုင်လယ်ယာများမရှိခြင်း၊ နေ့စားလိုက်ကာ တနေ့လုပ်တစ်နေ့စားများပြားပြီး ပုံမှန်ဝင်ငွေမရှိခြင်း၊ နေ့စဉ်အလုပ်ကိုင်အခွင့်လမ်းမရှိခြင်း၊ စိုက်ပျိုးချိန်သာအလုပ်ရှိခြင်း၊
- ကျေးရွာတွင် စိုက်ပျိုးမြေမလုံလောက်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ အရင်းအနှီးမရှိခြင်း၊ ပုံမှန်ဝင်ငွေမရှိခြင်း၊ အလုပ်အကိုင်မရှိခြင်း စသည်တို့ကြောင့် ဆင်းရဲကြသည်။
- ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးခြင်း၊ စိုက်ပျိုးရေးအရင်းအနှီးများ ထုတ်ချေးပေးခြင်း၊ အလုပ်အကိုင်အခွင့်လမ်းများ ဖန်တီးပေးခြင်းဖြင့် လုပ်အားခများရရှိလာပြီး ဆင်းရဲမှုကို လျော့ချနိုင်မည်ဖြစ်သည်။
- ကျေးရွာတွင်း ပညာရေးကျန်းမာရေးအသိပညာလည်း အားနည်းနေသည်။
- စီးပွားရေးအနေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် ရာသီတုဖောက်ပြန်သောကြောင့် ကျေးရွာတွင် ဖွံ့ဖြိုးမှု နောင့်နှေးနေသေးသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**ပိုင်ဆိုင်မှုသုံးသပ်ခြင်း (အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပုံစံပြဇယား)**



**ပိုင်ဆိုင်မှုသုံးသပ်ခြင်း (အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပုံစံပြဇယား)ဆန်းစစ်ချက်**

နောင်ပါရင်ကျေးရွာ၏ ပိုင်ဆိုင်မှုသုံးသပ်ခြင်းမှ အရင်းအမြစ်သုံးစွဲခြင်းနှင့်ထိန်းချုပ်ခြင်းကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးခဲ့ရာအောက်ပါအချက်များကို တွေ့ရှိရပါသည်။

- အမျိုးသားများသီးသန့်အသုံးပြုသော အရင်းအမြစ်များမှာ သိမ်နှင့် ကျောက်တောင် စသည်တို့ဖြစ်သည်။
- အမျိုးသမီးများ သီးသန့်အသုံးပြုသော အရင်းအမြစ်များမှာ စေတီ၊ နတ်စင်၊ ဇရပ်နှင့် ဝါးတော စသည်တို့ဖြစ်သည်။
- နှစ်ဦးအသုံးပြုသော အရင်းအမြစ်များမှာ သစ်တော၊ ရေအိုင်၊ စာသင်ကျောင်း၊ လမ်း၊ တံတားနှင့် ဘုန်းကြီးကျောင်းများဖြစ်သည်။
- သစ်တော၊ ရေအိုင်၊ စာသင်ကျောင်း၊ လမ်း၊ တံတား၊ စေတီ၊ ဝါးတော၊ သိမ်နှင့် ကျောက်တောင်စသည်တို့သောအရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်သည်။
- အမျိုးသား/ အမျိုးသမီးအတူတကွ ထိန်းချုပ်သော အရင်းအမြစ်များသည် ဘုန်းကြီးကျောင်း နှင့် နတ်စင်တို့ ဖြစ်သည်။
- အမျိုးသားများက အရင်းအမြစ်များကို ထိန်းချုပ်ခြင်းသည် ရိုးရာဓလေ့ဟုယူဆပြီး အမျိုးသား နှင့် အမျိုးသမီးများအကြား မညီမျှမှုဂယက်မှ မရှိပါ။

- အမျိုးသမီးများသည် အမျိုးသားများ အခွင့်အလမ်းရှိကြသော်လည်း မိမိကိုယ်ကိုယ် ယုံကြည်မှုအားနည်းပြီး အမျိုးသားများကိုသာ ရှေ့တန်းတင်ကြသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

**ရာသီခွင်ပြပြက္ခဒိန်ဇယား**




**ရာသီခွင်ပြပြက္ခဒိန်ဇယားဆန်းစစ်ချက်**

နောင်ပါရင်ကျေးရွာ ရာသီခွင်ပြဇယားကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးဆန်းစစ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိခဲ့ပါသည်။

- ကျေးရွာသည် အဓိကအားဖြင့် စိုက်ပျိုးရေးလယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးတွင် အဓိကအားဖြင့် လယ်ယာ၊ စပါး၊ ပဲစင်းငုံ၊ ပြောင်း၊ ကြက်သွန်၊ စသည်တို့ စိုက်ပျိုးကြသည်။
- ဝင်ငွေနည်းဆင်းရဲသူများ၊ မသန်စွမ်းသူအိမ်ထောင်စုများ လယ်ယာလုပ်ငန်းများတွင် အငှားလိုက်(နေ့စား) ဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်။
- အမျိုးသမီးများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းများဖြင့် လုပ်ကိုင်အသက်မွေးဝမ်းပြုကြသည်။
- ထိုင်းနိုင်ငံသို့ အလုပ်သွားလုပ်သော လူငယ်များလည်း အများအပြားရှိသည်။
- တစ်နှစ်လုံးတွင် တပေါင်း၊ တန်ခူး၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော် ၊ပြာသို၊ တပို့တွဲလများတွင် ဝင်ငွေအနည်းငယ်ရှိပြီး ကျန်လများတွင် မရှိပါ။
- အလုပ်ကိုင်ပေါ်မူတည်ပြီးမှသာ အမျိုးသား/ အမျိုးသမီးဝင်ငွေရရှိမှု ကွားခြားချက်ရှိသည်။
- ကျန်းမာရေးအနေဖြင့် ရာသီအကူးပြောင်းတွင် နာစေး၊ အပူကြီး၊ ဖျားနာနေထိုင်မကောင်း ဖြစ်ကြပါသည်။
- လယ်ယာ/စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားလုပ်ငန်းများမရှိပါ။
- သဘာဝဘေးအနေဖြင့် ထူးထူးခြားခြားမရှိပါ။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

**ပင့်ကူအိမ်သုံးသပ်ခြင်း**




**ပင့်ကူအိမ်သုံးသပ်ခြင်းဆန်းစစ်ခြင်း**


နောင်ပါရင်ကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်းဇယားကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးဆန်းစစ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိခဲ့ပါသည်။

- စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့တွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူညီကြသည်။
- အလုပ်ကိုင်အခွင့်လမ်းတွင်အမျိုးသားများမှအမျိုးသမီးများထက်အားသာသည်။
- ဆုံးဖြတ်ပိုင်ခွင့်၊ ဦးဆောင်မှုတို့တွင် အမျိုးသားများက အမျိုးသမီးများထက် ပိုမိုဦးဆောင်ကြသည်။
- အိမ်တွင်းမှုအပိုင်းတွင် အမျိုးသမီးများ ပိုမိုလုပ်ဆောင်ကြရသည်။
- အဖွဲ့စည်းကော်မတီပါဝင်မှုတွင်အမျိုးသားများသည် အမျိုးသမီးများကို ဆွေးနွေးရန်အဆင့်သာ ထားကြပါသည်။
- ရိုးရာဓလေ့နှင့် ရှေးရိုးစဉ်လာအရ အမျိုးသားများက အမျိုးသမီးများထက် ဆုံးဖြတ်ပိုင်ခွင့်/ဦးဆောင်နိုင်ခွင့်ရှိသည်ဟု ယူဆလျက်ရှိနေပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**ဗင်းပုံစံ**





**ဗင်းပုံစံ သုံးသပ်ခြင်း**

နောင်ပါရင်ကျေးရွာ၏ ဗင်းပုံစံ(အဖွဲ့အစည်းချိတ်ချက်မှုပုံစံပြဇယား)ကို ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးခဲ့ရာအောက်ပါအချက်များကို တွေ့ရှိရပါသည်။

- ကျေးရွာပြင်ပအဖွဲ့အစည်းနှင့် ချိတ်ဆက်မှုအားနည်းသည်။ပြင်ပအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးအဖွဲ့နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး (PNO)အဖွဲ့ စသည်တို့ဖြစ်ပါသည်။
- ကျေးရွာတွင်း အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့နှင့် ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့ စသည်တို့ရှိသည်။ ၎င်းအဖွဲ့များတွင် လူငယ်အဖွဲ့နှင့် ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့တို့သည် အမျိုးသားနှင့်အမျိုးသမီးများ ပါဝင်ပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဂေါပကအဖွဲ့တို့သည် အမျိုးသမီးများနှင့် လူနည်းစုများမပါဝင်ပေ။
- ကျေးရွာပြင်ပအဖွဲ့စည်းများအနေဖြင့် အုပ်စုအုပ်ချုပ်ရေးမှူး၊ PNOအဖွဲ့နှင့် ကျန်းမာရေးဌာနအများဆုံးချိတ်ဆက်မှုရှိသည်။
- ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် အဓိက အခန်းကဏ္ဍတွင် ပါဝင်ပါသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

နောင်ပါရင်ကျေးရွာ၏အခက်အခဲ/ပြဿနာများ / စိန်ခေါ် မှုများကို ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ အုပ်စုခွဲ၍ ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

**အမျိုးသားများမှတင်ပြသောအခက်အခဲများ**

- ✓ ရွာချင်းဆက်၊ရွာတွင်း၊တံတားလမ်းမကောင်းခြင်း။
- ✓ သောက်သုံးရေမလုံလောက်ခြင်း။
- ✓ စိုက်ပျိုးရေးအတွက် ရေမလောက်ခြင်း။
- ✓ စိုက်ပျိုးရေးအတွက် အရင်းအနှီးမလုံလောက်ခြင်း။
- ✓ လျှပ်စစ်မီးမရှိခြင်း။
- ✓ စာသင်ကျောင်း ပြုပြင်ရန်ငွေကြေးခက်ခဲခြင်း။
- ✓ ဝန်ထမ်းနားနေဆောင် မလုံလောက်ခြင်း/ ယိုယွင်းနေခြင်း။

**အမျိုးသမီးများမှတင်ပြသောအခက်အခဲများ**

- ✓ ရွာချင်းဆက်၊ရွာတွင်း၊တံတားလမ်းမကောင်းခြင်း။
- ✓ သောက်သုံးရေ အဝေးသို့သွားခပ်ရခြင်း။
- ✓ အမျိုးသားများအား ထိန်းချုပ်ရန်ခက်ခဲခြင်း။
- ✓ သားသမီးများကို ပညာရေးစရိတ် မထောက်ပံ့နိုင်ခြင်း။
- ✓ စိုက်ပျိုးရေးအတွက် အရင်းအနှီးမလုံလောက်ခြင်း။
- ✓ အမျိုးသမီးများ ဝင်ငွေနည်းပါးခြင်း။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**မျှော်မှန်းချက်များ**

**အမျိုးသားများမှတင်ပြသောမျှော်မှန်းချက်များ**

- ✓ ကျောက်ချောလမ်း ခင်းနိုင်ရန်။
- ✓ ရေပိုက်ဟောင်းများ ပြန်လည်ပြုပြင်နိုင်ရန်။
- ✓ ရေထိန်းဆည် ပြုပြင်နိုင်ရန်။
- ✓ စိုက်ပျိုးရေးအတွက် အရင်းအနှီးလုံလောက်စေခြင်း။
- ✓ အိမ်တိုင်း လျှပ်စစ်မီးသုံးစွဲနိုင်ရန်။
- ✓ စာသင်ကျောင်း ပြုပြင်နိုင်ရန်။
- ✓ ဝန်ထမ်းနားနေဆောင် ကောင်းမွန်စေရန်။
- ✓ ဝပ်ရှော့(ပ်)နှင့် ဖုန်းပြုပြင်ခြင်းသင်တန်းဖွင့်လှစ်နိုင်ရန်။

**အမျိုးသမီးများမှတင်ပြသောမျှော်မှန်းချက်များ**

- ✓ ကျောက်ချောလမ်း ခင်းနိုင်ရန်။
- ✓ ရေပိုက်ဟောင်းများ ပြန်လည်ပြုပြင်နိုင်ရန်။
- ✓ စိုက်ပျိုးရေးအတွက် အရင်းအနှီးလုံလောက်စေခြင်း။
- ✓ စာသင်ကျောင်း ပြုပြင်နိုင်ရန်။
- ✓ သားသမီးများအတွက် ပညာရေးစရိတ်လုံလောက်စွာ ထောက်ပံ့နိုင်ရန်။
- ✓ စက်ချုပ်သင်တန်း ဖွင့်လှစ်နိုင်ရန်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ/ စီမံကိန်းလုပ်ငန်းခွဲများစာရင်း**

**အမျိုးသားများမှအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**

- ✓ ကျောက်ချောလမ်းခင်းခြင်း
- ✓ ရေပိုက်ပြန်လည်ပြုပြင်ခြင်း
- ✓ ရေထိန်းဆည် ပြုပြင်ခြင်း
- ✓ စိုက်ပျိုးရေးအရင်းအနှီးထောက်ပံ့ပေးခြင်း
- ✓ ဆိုလာမီးတပ်ဆင်ခြင်း
- ✓ စာသင်ကျောင်း ပြုပြင်ခြင်း
- ✓ ဆရာမနားနေဆောင် ပြုပြင်ခြင်း
- ✓ ဝပ်ရှော့(ပ်)နှင့် ဖုန်းပြုပြင်ခြင်းသင်တန်းဖွင့်လှစ်ခြင်း။

**အမျိုးသမီးများမှအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**


- ✓ ကျောက်ချောလမ်းခင်းခြင်း
- ✓ ရေပိုက်ပြန်လည်ပြုပြင်ခြင်း
- ✓ စိုက်ပျိုးရေးအရင်းအနှီးထောက်ပံ့ပေးခြင်း
- ✓ စာသင်ကျောင်း ပြုပြင်ခြင်း
- ✓ ပညာရေးစရိတ် ထောက်ပံ့ခြင်း
- ✓ စက်ချုပ်သင်တန်း ဖွင့်လှစ်ခြင်း

**ပူးတွဲအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**

- ✓ ကျောက်ချောလမ်းခင်းခြင်း (က+မ)
- ✓ ရေပိုက်ပြန်လည်ပြုပြင်ခြင်း (က+မ)
- ✓ ရေထိန်းဆည် ပြုပြင်ခြင်း (က)
- ✓ စိုက်ပျိုးရေးအရင်းအနှီးထောက်ပံ့ပေးခြင်း (က+မ)
- ✓ ဆိုလာမီးတပ်ဆင်ခြင်း (က)
- ✓ စာသင်ကျောင်း ပြုပြင်ခြင်း (က+မ)
- ✓ ဆရာမနားနေဆောင် ပြုပြင်ခြင်း (က)
- ✓ ဝပ်ရှော့(ပ်)နှင့် ဖုန်းပြုပြင်ခြင်းသင်တန်းဖွင့်လှစ်ခြင်း။ (က)
- ✓ ပညာရေးစရိတ် ထောက်ပံ့ခြင်း (မ)
- ✓ စက်ချုပ်သင်တန်း ဖွင့်လှစ်ခြင်း (မ)

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


ဦးစားပေးအဆင့်နှင့်စီမံကိန်းလုပ်ငန်းခွဲများရွေးချယ်ခြင်း



### ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးလုပ်ငန်းစဉ်များအပြီးသတ်စာရင်း

| စဉ် | ဦးစားပေးလုပ်ငန်းများ | အဆို ပြုသူ | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ |
|---|---|---|---|---|
| ၁ | ကျောက်ချောလမ်းခင်းခြင်း | က+မ | ၂၄၀၀၀၀၀၀၀ | ၄၁၇ |
| ၂ | ရေပိုက် ပြန်လည်ပြုပြင်သွယ်ယူခြင်း | က+မ | ၁၀၀၀၀၀၀၀ | ၄၁၇ |
| ၃ | ဆိုလာမီးသပ်ဆင်ခြင်း | က | ၆၀၀၀၀၀၀ | ၄၁၇ |
| ၄ | ရေထိန်းဆည် ပြုပြင်ခြင်း | က | ၆၀၀၀၀၀၀ | ၄၁၇ |
| ၅ | စာသင်ကျောင်း ပြုပြင်ခြင်း | က+မ | ၆၀၀၀၀၀၀ | ၄၁၇ |
| ၆ | ဆရာမနားနေဆောင် ပြုပြင်ခြင်း | က | ၈၀၀၀၀၀၀ | ၄၁၇ |

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ







# ၈။ ကျေးရွာအချက်အလက် (ပုံစံစ.၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးဝင်းမြ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-766551086 | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ရှမ်း | မြို့နယ် သိန္နီ | ကျေးရွာအုပ်စု တဘက် | ကျေးရွာ နောင်ပါရင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရှမ်း | ၇၇ | ဘာသာ (၁) ဗုဒ္ဓ | ၇၇ |
| လူမျိုးစု (၂) ကချင် | ၅ | ဘာသာ (၂) ဗုဒ္ဓ | ၅ |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | မရှိ | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ | | |
| ...ဘုရားကျောင်း | မရှိ | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)--ရှမ်း---- | ၁၈၃ | ၂၀၄ | ၃၈၇ |
| လူမျိုးစု (၂)-ကချင်--- | ၁၇ | ၁၃ | |
| လူမျိုးစု (၃)----------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၇၈ | ၄ | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* မရှိ | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | မရှိ | | *မှတ်ချက်* | မရှိ | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်-၂၈---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၃၀ မိနစ် ----- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန် ၆၀ မိနစ် ---------------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ  ☐ ရှိပါသည်  ရှိလျှင်ဖော်ပြပါ ----------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မရှိ---------------------------

(၂) ---------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ  ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်  အမည် ဦးတင်ပြား

လက်မှတ် ဦးတင်ပြား နေ့စွဲ ၁-၅-၂၀၁၇

လူထုစည်းရုံးရေးမှူး  အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၁-၅-၂၀၁၇

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ခိုင်ထွေး၊ ဌာ | | | |
| နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/~~တိုင်း~~ ချင်း | မြို့နယ် တီးတိန် | ကျေးရွာအုပ်စု ခုံကက် | ကျေးရွာ နောင်ပါရင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁-၅-၂၀၁၇ | ၁-၅-၂၀၁၇ | ၁၇ | ၆၀ | ၈၂ | ဂျိုး ၃၃၇ ၊ ကယန်း ၄ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂-၅-၂၀၁၇ | ၂-၅-၂၀၁၇ | ၃၆ | ၅၂ | ၈၂ | ဂျိုး ၁၀၃ ၊ ကယန်း ၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 5.5.2017 | 5.5.2017 | 53 | 56 | 109 | ဂျိုး 83 ၊ ပအိုဝ်း 11 ၊ ကယန်း 8 ၊ ဒနု 7 +109 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 25/7/17 | 25/7/17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မိတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 2/10/17 | 2/10/17 | 31 | 40 | 71 | ၃ ၊ ကယန်း ၆၈ ၊ ဂျိုး |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 15.10.17 | 15.10.17 | 6 | 5 | 11 | 11 ၊ ဂျိုး |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | – | – |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | – |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | – |
| | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | – |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | – |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | – |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | – | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | – |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | – |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ.၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] |
| နေ့စွဲ ၂-၅-၂၀၁၇ / စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/~~တိုင်း~~ ရှမ်း / မြို့နယ် သီပေါ / ကျေးရွာအုပ်စု တဘက် / ကျေးရွာ နောင်ပါရင် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၁ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၂ | သောက်သုံးရေ မလုံလောက်ခြင်း | ၂ | သားဖွားဆရာမ မရှိခြင်းနှင့် အမျိုးသမီး အတွက် ဆေးခန်း မရှိခြင်း |
| ၃ | စိုက်ပျိုးရေ မလုံလောက်ခြင်း | ၃ | ပညာသင်ယူရန် ကျောင်း စရိတ်ခက်ခဲခြင်း |
| ၄ | စိုက်ပျိုးရေး စရိတ်မလုံလောက်ခြင်း | ၄ | စိုက်ပျိုးရေး စရိတ်မလုံလောက်ခြင်း |
| ၅ | လျှပ်စစ်မီး မရှိခြင်း | ၅ | အမျိုးသမီး ဝင်ငွေ နည်းပါးခြင်း (အလုပ်ရှားခြင်း) |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျောက်ချောလမ်း [illegible] ရရှိရန် | ၁ | ကျောက်ချောလမ်း ခင်းနိုင်ရန် |
| ၂ | ရေသွယ်ပိုက်မလုံလောက်၍ ထပ်ဝယ်ရန် | ၂ | ရေသွယ်ပိုက်မလုံလောက်၍ ထပ်ဝယ်ရန် |
| ၃ | ရေကန် အသစ်ပြုပြင်ရန် | ၃ | စိုက်ပျိုးရေး စရိတ်ရရှိရန် |
| ၄ | စိုက်ပျိုးရေး စရိတ်ထောက်ပံ့ ရရှိရန် | ၄ | စာသင်ကျောင်း ပြုပြင်ရန် |
| ၅ | လျှပ်စစ်မီး ရရှိရန် | ၅ | ပညာရေး စရိတ် ရရှိရန်နှင့် [illegible] ကျောင်း ရရှိရန် |

**ဂ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောက်ချောလမ်း (၄ မိုင်) | ~~[illegible]~~ က+မ | သိန်း ၂၄၀၀ | ၄၁၇ |
| ၂ | ရေသွယ်ပိုက် ထပ်ဝယ်ရန် (၄'x၂ မိုင်) | က+မ | သိန်း ၁၀၀ | ၄၁၇ |
| ၃ | ဆိုလာမီး ရရှိရန် (တစ်ရွာလုံးစာ) | က+မ | သိန်း 60 | ၄၁၇ |
| ၄ | အဝီစိရေတွင်း တူးဖော်ခြင်း | က+မ | သိန်း 60 | ၄၁၇ |
| ၅ | စာသင်ကျောင်း ပြုပြင်ရန် (60x30) x12' | က+မ | | ၄၁၇ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဗိုလ်မျိုးရွာ ခရီးပတ်လမ်း | ၈+၅ | ဗိုလ်မျိုးရွာ |
| ၂ | ပဥ္စာရွာ ခရီးဆက်နိုင်မှု လမ်းကျောင်း | (၅) | ပဥ္စာရွာ |
| ၃ | အမျိုးသမီးအတွက် စက်ချုပ်သင်တန်း | (၅) | တားခက်ဇီရွာ |
| ၄ | အမျိုးသားများအတွက် ဆိုင်ကယ်ပြုပြင် သင်တန်း ၂၀၁၈ | (၅) | တားခက်ဖြေရွာ |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် --ဦးခင်မြား-- လက်မှတ် --ဦးခင်မြား-- နေ့စွဲ --၂-၅-၂၀၁၇--

အမျိုးသားများ အခက်ခဲ

- စာသင်ကျောင်းပြုပြင်ရန် ငွေကြေး ခက်ခဲခြင်း။
- ဝန်ထမ်း အိမ်ယာ မလုံလောက် မလုံခြုံခြင်း။

အမျိုးသား မျှော်မှန်းချက်

- စာသင်ကျောင်းပြုပြင်ချင်တယ်
- ဆရာ ဆရာမ အဆောင် ပုံဖြင့် ရှိရန်

အမျိုးသမီး မျှော်မှန်းချက်

- အမျိုးသမီးများအတွက် စက်ချုပ်သင်တန်း ၂၀၁၇
- အမျိုးသားများအတွက် ဆိုင်ကယ်ပြုပြင် သင်တန်း ၂၀၁၈

နောင်ပါရင်ရွာ ရေရှည်ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများ

- ဝန်ထမ်းအိမ်ယာ အသစ်ဆောက်လုပ်ရန် (ဆရာ ၅ ဦး ...)

# ၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ.၄)

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ပန်ထမ်းအမည် ခွန်ဖြား‌ေမာင် | | | |
| နေ့စွဲ ၅.၅.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရှမ်း | မြို့နယ် ဘော်ဆိုင် | ကျေးရွာအုပ်စု တဘက် | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း | |
| နောင်ခမ်း | အဆောက်အဦး ခုံးမတ္တတ် အောက်ခြင်း | ၃၀'×၁၈'×၁၂' အကာ သွပ်ပြား | ၁၈၄ | ☐ ကျား ☐ မ ☑ ကျား+ မ | 5000000 | - | - | - | 5000000 | ကျ-၉၁ မ-၉၃ |
| ပိန်ကွန်း | ရေလှောင်ကန်နှင့် အဝီစိတွင်း တူးခြင်း+ပိုက် +ရေစုပ်စက် | တွင်း+ဂါလံ ၅၀၀၀ ဆံ့ရေကန် + PVC ပိုက် ရေစုပ်စက် | ၃၁၉ | ☐ ကျား ☐ မ ☑ ကျား+ မ | 6000000 | - | - | - | 6000000 | ကျ-၁၆၀ မ-၁၅၉ |
| ပိန်းလုံ | အဝီစိတွင်း နှင့် ရေလှောင်ကန် + ပိုက်+ရေစုပ်စက် | တွင်း+ဂါလံ ၅၀၀၀ ဆံ့ရေကန်+PVC ပိုက် ရေစုပ်စက် | ၃၅၉ | ☐ ကျား ☐ မ ☑ ကျား+ မ | 6000000 | - | - | - | 6000000 | ကျ-၁၈၃ မ-၁၇၆ |
| လွယ်ပဲ | စိမ့်စမ်းရေသွယ် ယူခြင်းနှင့်ရေ လှောင်ကန် | ၁.၅ မိုင် ၂"PVC ဂါလံ ၅၀၀၀ ရေ လှောင်ကန် | ၃၇၂ | ☐ ကျား ☐ မ ☑ ကျား+ မ | 7900000 | - | - | - | 7900000 | ကျ-၁၉၁ မ-၁၈၁ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် - စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) - ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|
| နောင်စကာ | ဘာရာဖ/ဘာရာ နှာ : ၄၅နောင် (နာ့ဂျာ၃၂၅ဟ်) | ၃၀'× ၁၅' (ဝရံ တာ(၆')×၁၂') | 507 | ☑ ကျား □ မ □ ကျား+မ | 6500000 | – | – | | 6500000 | ကျ-၂၈၁ မ-၃၂၆ |
| နောင်သိမ် | စာသင်ကျောင်း ဖွင့်ဖြင်ခြင်း (နာ့ဂျာ ၃၂ဟ်) | ၆၀'×၂၄' (ဝရံ တာ(၆')×၁၂') | ၄၈၁ | □ ကျား □ မ ☑ ကျား+မ | 7000000 | – | – | | 7000000 | ကျ-၂၄၅ မ-၂၃၆ |
| ဟိုခဲ | စာသင်ကျောင်း ရေလှောင်ကန် | (၈'×၆'×5') + (12'×14'×6') | ၃၅၂ | □ ကျား □ မ ☑ ကျား+မ | 6000000 | – | – | | 6000000 | ကျ-၁၃၄ မ-၁၃၈ |
| ကောင်တို | ရေလှောင်ကန် တည်ဆောက်ခြင်း | 18'×16'×6' (GAL 10000) | ၅00 | □ ကျား □ မ ☑ ကျား+မ | 5000000 | – | – | | 5000000 | ကျ-၂၅၅ မ-၂၄၅ |
| ဝမ်ပုန် | အဝီစိတွင်း+ရေ စုပ်စက်+ရေကန် ဂါလံ၃၀၀၀+ပိုက် | | ၁၁၄ | □ ကျား □ မ ☑ ကျား+မ | 6000000 | – | – | | 6000000 | ကျ-၅၄ မ-၆၀ |
| ဝိုင်းကောင် | အဝီစိတွင်း+ရေ စုပ်စက်+ရေကန် ဂါလံ၃၀၀၀ | (၁၂'×၈'×၅') + (၅'×၅'×၈') | ၃၅၁ | □ ကျား □ မ ☑ ကျား+မ | 4200000 | – | – | | 4200000 | ကျ-၁၇၅ မ-၁၇၆ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ　အမည်　လက်မှတ်　ရက်စွဲ

ဦး ခံလှ

ဒေါ်နန်းဘီကာဆောင်

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း | |
| အမ်ဆိုင် | စာသင်ကျောင်း အမိုးအကာ ပြုပြင်ခြင်း (ဒေါက် ကွဲများ) | ၁၃.၅'x ၄'-၆" ၇' | ၁၅၁ | ☐ ကျား ☐ မ ☑ ကျား+ မ | 4800000 | – | – | | 4800000 | ကျ - ၄၉ မ - ၄၂ |
| ဘုန်းအောင် | ရေကန်တူး+ရေ ကန်+ ဘောင်ဂျင် ပိုက် | ရေကန်တူး(၄'x5'x7-6") (8'x8'x8') 2"φ PVC ၁၀၀' | ၈၈ | ☐ ကျား ☐ မ ☑ ကျား+ မ | 4500000 | – | – | | 4500000 | ကျ - ၄၂ မ - ၄၆ |
| နောင်ဘို | ရေမြောင်းတူး ဖော်ခြင်း နှင့်မြင် ခင်းကျား ဖော်ခြင်း | 4000'x 7'x5' | ၁၈၉ | ☐ ကျား ☐ မ ☑ ကျား+ မ | 6000000 | – | – | | 6000000 | ကျ - ၉၈ မ - ၉၁ |
| နမ့်စေမြဲ | စာသင်ကျောင်း ပြုပြင်ခြင်း (အကျဉ်းချုပ်) | ၉၀'x ၂၈'x ၁၂' | [illegible] | ☐ ကျား ☐ မ ☑ ကျား+ မ | 5000000 | – | – | | 5000000 | ကျ - ၂၀၄ မ - ၂၂၉ |
| ဆောင်ချို | ရေသွယ်သူ ခြင်းနှင့် ရေတိုင်ကီ | ၂ ဆိုင် | ၁၆၁ | ☐ ကျား ☐ မ ☑ ကျား+ မ | 7900000 | – | – | | 7900000 | ကျ - ၇၅ မ - ၈၆ |
| နောင်ပါရင် | ရေတံ ကားလမ်း ပြုပြင်ခြင်း | ၉'x ၁၅၀' | ၃၈၇ | ☐ ကျား ☐ မ ☑ ကျား+ မ | 6000000 | – | – | | 6000000 | ကျ - ၁၈၃ မ - ၂၀၄ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် လက်မှတ် ရက်စွဲ

ဦးခင်ရှ
ဒေါ်နန်းကြီးဘောင်

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | ၁၅၁ | ☐ ကျား ☑ မ ☐ ကျား+ မ | 7000000 | — | — | — | 7000000 | ကျား-၆၇ မ-၈၄ |
| [illegible] | [illegible] | [illegible] | ၂၅၈ | ☐ ကျား ☐ မ ☑ ကျား+ မ | 6500000 | — | — | — | 6500000 | ကျား-၁၁၀ မ-၁၄၈ |
| [illegible] | [illegible] | | ၃၅၆ | ☐ ကျား ☐ မ ☑ ကျား+ မ | 7400000 | — | — | — | 7400000 | ကျား-၁၈၂ မ-၁၇၄ |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

[illegible]

[illegible]

## ၁၂။ အစည်းအဝေးမှတ်တမ်းများ

စီမံကိန်းမိတ်ဆက်ခြင်းနှင့် ပထမအကြိမ် အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာအမည် | - | နောင်ပါရင်ကျေးရွာ |
| ကျေးရွာအုပ်စုအမည် | - | တဘာက်ကျေးရွာအုပ်စု |
| အစည်းအဝေးကျင်းပသည့်ရက် | - | ၁/၅/၂၀၁၇ |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | ကျား(၇၇)ဦး၊မ(၆၀)ဦး ပေါင်း(၁၃၇)ဦး |
| အစည်းဝေးကျင်းပသည့်နေရာ | - | နောင်ပါရင် ဘုန်းကြီးကျောင်း |
| အချိန် | - | နံနက်(၉း၀၀)မှညနေ (၃း၃၀)ထိ |
| ရည်ရွယ်ချက် | - | စီမံကိန်းမိတ်ဆက်ရန်။ |

<u>ဆွေးနွေးသည့်အကြောင်းအရာ</u>

စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင်ကျေးရွာဥက္ကဌကကျေးရွာလူထုနှင့်လူထုဗဟိုပြုစီမံကိန်းမှဝန်ထမ်းများကိုမိတ်ဆက်အဖွင့်အမှာစကားပြောကြားခြင်း။ထို့နောက်ဝန်ထမ်းအဖွဲ့အစည်းအမည်၊အလှူရှင်အမည်၊အကောင်အထည်ဖော်ဆောင်ရွက်သည့်ဌာနနှင့်စီမံကိန်းဖွဲ့စည်းပုံများ၊ကျား/မရေးရာကဏ္ဍများအကြောင်း၊ဝေဖန်အကြံပြုတိုင်ကြားရေးစနစ်များအကြောင်းမိတ်ဆက်ရှင်းလင်းပြောကြားပြီးကျေးရွာစေတနာ့ဝန်ထမ်းရွေးချယ်ခြင်း၊လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်း(PRA/PSA) များပြုလုပ်သွားမည်ဖြစ်ကြောင်းဆွေးနွေးပြောကြားခဲ့ပါသည်။

မိတ်ဆက်ဆွေးနွေးမှုအပြီးတွင်ကျေးရွာစေတနာ့ဝန်ထမ်းများလိုက်နာရမည့်စည်းကမ်းများကိုရှင်းလင်းပြောကြား၍ကျေးရွာလူထုကိုယ်တိုင်လျှို့ဝှက်မဲပေးစနစ်ဖြင့်စေတနာ့ဝန်ထမ်း (ကျား-၁) (မ-၁) ကိုရွေးချယ်ရန်ဆွေးနွေးခဲ့ပါသည်။

<u>ဆုံးဖြတ်ချက်များ</u>

ကျေးရွာလူထုမှစီမံကိန်း၏ဖွဲ့စည်းပုံ၊လုပ်ဆောင်ရမည့်အချက်များနှင့်လိုက်နာကျင့်သုံးရမည့်နည်းလမ်းများကိုလိုက်နာဆောင်ရွက်ရန်၊စေတနာ့ဝန်ထမ်းရွေးချယ်ခြင်းကိစ္စနှင့်ပက်သက်၍တက်ရောက်လာသောကျေးရွာလူထုမှအမှန်တကယ်လုပ်ကိုင်နိုင်သူ၊ကျေးရွာဖွံ့ဖြိုးရေးအတွက်စိတ်ပါဝင်စားမှုရှိသူ၊ပြောတတ်ဆိုတတ်ရှိသူများကိုရွေးချယ်ရန်ပြောကြားပြီးစေတနာ့ဝန်ထမ်း (က-၁) (မ-၁)ကိုကျေးရွာလူထုမှလျှို့ဝှက်မဲပေးစနစ်ဖြင့်ရွေးချယ်ရန်ဆုံးဖြတ်ခဲ့သည်။ထို့နောက်လူမှုဆန်းစစ်ခြင်း (PRA/ PSA) အကြောင်းတွင်ပါဝင်သောထူးခြားဖြစ်စဉ်များ၊အမျိုးသမီးဆိုင်ရာသုံးသပ်ချက်များ၊အသက်မွေးဝမ်းကျောင်းဆိုင်ရာများကိုဆက်လက်ဆွေးနွေးရန်ဆုံးဖြတ်ခဲ့ကြပါသည်။

မှတ်တမ်းတင်သူ

အမည် - စိုင်းတွတ်

ရာထူး - လူထုစည်းရုံးရေးမှူး

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာအမည် | - | နောင်ပါရင်ကျေးရွာ |
| ကျေးရွာအုပ်စုအမည် | - | တဘက်ကျေးရွာအုပ်စု |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | - | ၂/၅/၂၀၁၇ |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | ကျား(၅၆)ဦး၊မ (၅၂)ဦးပေါင်း (၁၀၈)ဦး |
| အစည်းအဝေးကျင်းပသည့်နေရာ | - | နောင်ပါရင် ဘုန်းကြီးကျောင်း |
| အချိန် | - | နံနက်(၉း၀၀)မှညနေ (၃း၃၀)ထိ |
| ရည်ရွယ်ချက် | - | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲနိုင်ရန်။ |

ဆွေးနွေးသည့်အကြောင်းအရာ

ဒုတိယအကြိမ်အစည်းအဝေးတွင် ပထမနေ့မှပြုလုပ်သောလူမှုဆန်းစစ်ခြင်းကို ပြန်လည်တင်ပြပြီး တက်ရောက်လာသောကျေးရွာလူထုအမျိုးသား/ အမျိုးသမီးများအားသီးခြားခွဲ၍ လူမှုဆန်းစစ်ခြင်း (PRA) အဆင့်များဆက်လက်ပြုလုပ် ဆွေးနွေးခဲ့ပါသည်။ ၎င်းနောက်အခက်အခဲများကို ဖော်ထုတ်ခဲ့ကြပြီး အမျိုးသား/ အမျိုးသမီး၏နောင် (၅)နှစ်မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက် ဖော်ထုတ်ခဲ့ကြသည်။

ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှ လူထုဗဟိုပြုစီမံကိန်း၏ အကျုံးဝင်သော လုပ်ငန်းများနှင့် အကျုံးမဝင်သောလုပ်ငန်းများကိုချပြခဲ့ပြီး ကျေးရွာဖွံ့ဖြိုးလုပ်ငန်းများကို အဆင့် သတ်မှတ်၍ရွေးချယ်ခဲ့ကြသည်။ ထွက်ပေါ်လာသောဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် ကျေးရွာအတွက် စီမံကိန်းအထောက်အကူပြုကော်မတီ လိုအပ်ကြောင်းရှင်းပြခဲ့သည်။

ဆုံးဖြတ်ချက်များ

ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လိုသောလုပ်ငန်းများကို ကျေးရွာလူထုတို့၏ ဆုံးဖြတ်ချက် လျှို့ဝှက်မဲပေးစနစ်ဖြင့်ရွေးချယ်ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသောကျေးရွာလူထုအား ကော်မတီဝင်များ၏ တာဝန်နှင့်ဝတ္တရားများအကြောင်း ပြောကြားပြီး စီထောက်ဥက္ကဌများနှင့် ဆပ်ကော်မတီအသီးသီးကို ရပ်ရွာလူထုအားလုံးကိုယ်တိုင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ် ဆုံးဖြတ်ခဲ့ကြသည်။

မှတ်တမ်းတင်သူ

အမည် - စိုင်းတွတ်

ရာထူး - လူထုစည်းရုံးရေးမှူး

## ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

| အခန်းကဏ္ဍ | အစဉ် | လုပ်ငန်း | ဦးစားပေး အဆင့် | ကျေးရွာတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ကျောက်ချောလမ်း ခင်းခြင်း | က+မ | စီ/ထောက် ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ရေပိုက် ပြန်လည် ပြုပြင်ခြင်း | က<br>မ | စီ/ထောက် ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ရေထိန်းဆည် ပြုပြင်ခြင်း | က | စီ/ထောက် ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၄ | ဆရာ/ဆရာမနေဆောင် | က | စီ/ထောက် ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၅ | စာသင်ကျောင်း ပြုပြင်ခြင်း | က<br>မ | စီ/ထောက် ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၆ | စိုက်ပျိုးရေးအရင်းအနှီး | က+မ | ကော်မတီများ | ပြင်ပအဖွဲ့စည်းများ |
| | | | | | |
| | ၇ | စက်ချုပ်သင်တန်း ဖွင့်လှစ်ခြင်း | က<br>မ | အမျိုးသမီး အဖွဲ့ | အခြား ပြင်ပ အဖွဲ့အစည်းများ |
| | ၈ | ဖုန်းပြုပြင်ခြင်း သင်တန်းဖွင့်လှစ်ခြင်း။ | က | ကျေးရွာလူထု | သက်ဆိုင်ရာအဖွဲ့ အစည်းများ |
| | ၉ | ဝပ်ရှော့(ပ်)သင်တန်း ဖွင့်လှစ်ခြင်း။ | က | ကျေးရွာလူထု | အခြား ပြင်ပ အဖွဲ့အစည်းများ |
| ကျန်းမာရေးနှင့် အာဟာရ | | | | | |
| | | | | | |
| ပညာရေး | ၁၀ | ပညာရေးစရိတ် | | ကျောင်းကော်မတီ | ပညာရေးဌာနနှင့် |

| | | | | | |
|---|---|---|---|---|---|
| | | ထောက်ပံ့ခြင်း | ၆ | အဖွဲ့ဝင်များ | အခြားပြင်ပ အဖွဲ့စည်းများ |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| ငြိမ်း | ၁၁ | ဆိုလာမီးတပ်ဆင်ခြင်း | က | ကျေးရွာလူထု | ပြင်ပအဖွဲ့စည်းများ |
| | | | | | |

## VDP အရည်အသွေးထိန်းချုပ်မှု

ထိန်းချုပ်သူ- ရက်စွဲ- VDP ရက်စွဲ-

ကျေးရွာ- ၊ ကျေးရွာအုပ်စု- မြို့နယ်- ဆီဆိုင်

(၁) VDP စာရွက်စာတမ်း ပြီးဆုံးမှုကို စစ်ဆေးပါ။ (Operation Manual အရ)

- ✓ မျက်နှာဖုံး (အဖုံး)
- ✓ မာတိကာ
- ✓ ကျေးရွာအခြေခံ အချက်အလက် (Data)
- ✓ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ✓ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလာဒ်)
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း( အခြေခံအဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု...စသည်ဖြင့်-)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်း ဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်။ စည်းစိမ်ပိုင်ဆိုင်မှု (ဥစ္စာနေ) အဆင့်၊ Venn ပုံ...စသည်ဖြင့်-)
- ကျေးရွာစီမံကိန်း ရေးဆွဲရေး အစည်းအဝေးမိတ္တူ
- ကျေးရွာအချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သော ဦးရေ (အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်း နှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ ရလာဒ်အား ခွဲခြားပေးထား ပါသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်
- PRA နှင့် သက်ဆိုင်သောအခြားစီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်)